# ကုမ္ပဏီများသို့အသိပေးကြေညာခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အွန်လိုင်းမှတ်ပုံတင်စနစ်တွင် ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည့်အပြင် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အစိုးရဌာန၊အဖွဲ့အစည်းများမှချမှတ်ထားသော အခြားတည်ဆဲဥပဒေနှင့်နည်းဥပဒေများ လိုက်နာခြင်း မရှိကြောင်း တွေ့ရှိရပါက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက် တွင် မှတ်ပုံတင်အရာရှိက အများပြည်သူသိရှိစေနိုင်ရန် ကြေညာသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထားခြင်းမရှိသည့် Digital Currency Crypocurrency: Bitcoin နှင့် Ethereum များကို ရင်းနှီးမြှုပ်နှံရန် I-Wealth အမည်ဖြင့် Facebook Page ၌ စည်းရုံးဆွဲဆောင်ကြော်ငြာခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် **I-WEALTH COMPANY LIMITED** မှတ်ပုံတင်အမှတ်-၁၃၈၀၉၅၁၉၃ အား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှစ၍ အမည်မည်းစာရင်း (Black List) ထည့်သွင်း သတ်မှတ်ခဲ့ခြင်းကို သိရှိနိုင်ရန် အသိပေး ကြေညာအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန